**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

**Website:** chinland.org **Email:** cnf.headquarters@gmail.com

# ၃၁ နှစ်မြောက် ချင်းတော်လှန်ရေးနေ့ ထုတ်ပြန်ကြေညာချက်

ယနေ့ ၂၀၁၉ ခုနှစ် မတ်လ (၂၀) ရက်နေ့သည် ချင်းအမျိုးသားများ၏ အခြေခံအခွင့်အရေးဖြစ်သည့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့် ပြန်လည်ရရှိရေး၊ ချင်းတမျိုးသားလုံးက တညီတညွတ်တည်း ရွေးချယ်ကျင့်သုံးခဲ့သည့် ဒီမိုကရေစီ ပြန်လည် ထွန်းကားရေးနှင့် ပြည်ထောင်စုကို တည်ထောင်ခဲ့ကြသော အမျိုးသားခေါင်းဆောင်များ၏ ဆန္ဒအတိုင်း ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် ချင်းအမျိုးသားတပ်ဦးမှ လက်နက်ကိုင်တော်လှန်ရေးကို စတင်ဆင်နွှဲခဲ့ သည့် (၃၁) နှစ်မြောက် ချင်းတော်လှန်ရေးနေ့ နေ့ထူးနေ့မြတ် အခါသမယပင် ဖြစ်ပေသည်။

ဤနေ့မြတ်အခါသမယတွင် ချင်းအမျိုးသားတပ်ဦး၏ အမျိုးသားရည်မှန်းချက်နှင့် အမျိုးသားရေးအတွက် အသက်၊ သွေး၊ ချွေးစတေးကာ အသက်ပေးလှူခဲ့ကြသော အာဇာနည် ရဲဘော်ရဲမေများ၊ ချင်းမျိုးချစ်ပုဂ္ဂိုလ်များနှင့် အမျိုးသား အကျိုးစီးပွားအတွက် တိုက်ပွဲဝင်လျက်ရှိသည့် ချင်းပြည်သူအပေါင်းတို့အား ဦးညွှတ်ဂါရဝ ပြုအပ်ပါသည်။

မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့အကြား လက်ရှိဖြစ်ပွားနေသော ပစ်ခတ်တိုက် ခိုက်မှုများကြောင့် စစ်ဘေးရှောင်ပြည်သူများ တိုးပွားလာခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်းများသည် ဒေသတွင်းလုံခြုံရေးနှင့် အပြန်အလှန်ယုံကြည်မှုတို့ကို ထိခိုက်စေသဖြင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ညှိနှိုင်းဖြေရှင်းကြရန်နှင့် စစ်ဘေးရှောင် ပြည်သူများအား ထောက်ပံ့ကူညီမှုများ ပြုလုပ်ကြပါရန် တိုက်တွန်းသည်။

ချင်းအမျိုးသားတပ်ဦးသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်ထောင်စုတည်ဆောက်ရေးအတွက် ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်ရေးကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်းဖြင့် ညီနောင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်အတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ ပြည်ထောင်စု လွှတ်တော်အတွင်း ၂၀၀၈ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေး ကြိုးပမ်းဆောင်ရွက်မှုကိုလည်း ကြိုဆိုသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ အရင်းခံပြဿနာသည် နိုင်ငံရေးပြဿနာဖြစ်သည်နှင့်အညီ တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ အဖြေရှာနိုင်မည်ဟု ယုံကြည်သည်။ ဤအရင်းခံပြဿနာအား ဖြေရှင်းနိုင်ခြင်း မရှိသရွေ့ ချင်းအမျိုးသားတပ်ဦး၊ တပ်မတော်သည် တပ်ဦး၏ ရည်မှန်းချက်ပန်းတိုင် အောင်မြင်သည်အထိ ချင်းပြည်သူလူထုနှင့် အတူလက်တွဲ၍ ဆက်လက် ကြိုးပမ်းသွားမည်ဖြစ်သည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး

၂၀၁၉ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့

Chin National Front – General Headquarters, Chinland